


( ၁ )

**"မီးစက်အရောင်းအဝယ်– နှစ်ဦးသဘောတူကတိစာချုပ်"**

**Brand New Matador Generator MC-200AS (Silent Type) 180KVA &**
**Brand New Matador Generator MF-55JS (Silent Type) 50KVA - Total (2)Units**
**(SO No.NPT-BSO-UNT-2023-12-0001)**
**(Sr No.**A2301418 / 202304168 **)**

**Contract No. WL-MS-894/2023**

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ(၁၁)ရက်နေ့တွင် နေပြည်တော်မြို့၌ အောက်အမည်ပါသူတို့က Brand New Matador Generator MC-200AS (Silent Type) 180KVA & Brand New Matador Generator MF-55JS (Silent Type) 50KVA – Total (2)Units မီးစက် အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆို ကြသည်မှာ–

မီးစက်ရောင်းချသူ ။ ။ ဦးပြည့်ဖြိုးသူဌေး (ဘ) ဦးတင်ဌေး
မှတ်ပုံတင်အမှတ်– ၁၂/ဒဂဆ(နိုင်)၀၀၉၃၇၅
(for and on the behalf of Winning Way Co., Ltd.)
အမှတ် (၃၇)၊ ဥတ္တရသီရိမြို့နယ်၊ ရှောပင်းစင်တာ၊
စည်ပင်သာယာရုံးနား၊ နေပြည်တော်။

မီးစက်ဝယ်ယူသူ ။ ။ ဒေါ်ဆုမြတ်စန္ဒီ (ဘ) ––ဦးအောင်ထင်ဦး–––
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/ရကန(နိုင်) ၀၇၆၉၁၄
လိပ်စာ– အမှတ်(၉၃)၊ သပြေလမ်း၊ ရွာသစ်ကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
Wai Lynn Aung ဖုန်း– ၀၉–၅၀၁၁၇၉၆။

(မီးစက်ရောင်းချသူနှင့် မီးစက်ဝယ်ယူသူဟူသော စကားရပ်များကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဖနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ ကရေးဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

၁။ မီးစက် ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် မီးစက်ရောင်းချသူမှ ပိုင်ဆိုင်သော Brand New Matador Generator MC-200AS (Silent Type) 180KVA & Brand New Matador Generator MF-55JS (Silent Type) 50KVA – Total (2)Units အတွက် စုစုပေါင်းတန်ဖိုးငွေ USD –31,000/- (USD – Thirty One Thousand Only) (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်ဈေးနှုန်း) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေ Landed Customer Site (Pyinmanar) နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်း လာသည်ကို အဆိုပါ တန်ဖိုးဖြင့်ပင် ဝယ်ယူရန် မီးစက်ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူ စာချုပ်ကိုချုပ်ဆို၍ မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီး ဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ "မီးစက်"ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလမီးစက်နှင့်စက်အပိုပစ္စည်းများ၊ မီးစက်ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် မီးစက်ဝယ်ယူသူမှ မိမိသဘောအလျောက် မီးစက်ရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

စာမျက်နှာ(၂)သို့






၃။ ရောင်းချသူကမိမိရောင်းချသော Brand New Matador Generator MC-200AS (Silent Type) 180KVA & Brand New Matador Generator MF-55JS (Silent Type) 50KVA – Total (2)Units မီးစက်သည် အသစ်ဖြစ်ကြောင်းနှင့် 180KVA အား (၁)နှစ်ခွဲ (သို့မဟုတ်)နာရီပေါင်း (၂,၀၀၀) နှင့် 50KVA အား (၁)နှစ် (သို့မဟုတ်) နာရီပေါင်း (၁,၀၀၀) စေ့ရောက်အသုံးပြုပြီးသည်အထိ အာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ 180KVA အား တစ်နှစ်ခွဲပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ(၂,၀၀၀) နှင့် 50KVA အား တစ်နှစ်ပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ (၁,၀၀၀) ပြည့်သည့်ကာလ (နှစ်)ခုအနက် စောစွာသောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

၄။ မီးစက်ဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင်မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

၅။ အာမခံသည့်ကာလအတွင်း မီးစက်ဝယ်ယူသူ (သို့မဟုတ်) ဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက မီးစက်ဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၆။ အာမခံသည့်ကာလအတွင်း မီးစက်များပြင်ဆင်ရန်အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့်မီးစက်၏ တည်ရှိရာနေရာသည် ရောင်းချသည့်ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီရုံးခွဲတည်ရှိရာနေရာမှ မိုင်(၄၀)အတွင်းဖြစ်လျှင် ကုမ္ပဏီ အလုပ်သမားများသည် စက်ကိုအခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

၇။ ရောင်းချလိုက်သည့်မီးစက်များကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့မှ (၂)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်း မရှိပါက အခြားဝယ်ယူမည့်သူများသို့ မီးစက်ကိုလွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံရရှိသည့်အခါမှသာ မီးစက်ကိုရရှိနိုင်မည်ဖြစ်ကြောင်း မီးစက်ဝယ်ယူသူမှ သဘောတူပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

၈။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MC-200AS (Silent Type) 180KVA & Brand New Matador Generator MF-55JS (Silent Type) 50KVA – Total (2)Units အတွက် ပထမအရစ်ကျငွေအဖြစ်တန်ဖိုးငွေ USD –19,774/- (USD – Nineteen Thousand Seven Hundred and Seventy Four Only) ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် (၈–၁၂–၂၀၂၃) ရက်နေ့တွင် (RV NO. NPT-RV-2023-12-0017) ဖြင့် ရောင်းချသူ၏ နေပြည်တော်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

၉။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MC-200AS (Silent Type) 180KVA & Brand New Matador Generator MF-55JS (Silent Type) 50KVA – Total (2)Units အတွက် ကျန်ငွေ USD –11,226/- (USD – Eleven Thousand Two Hundred and Twenty Six Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ၂၀၂၃ ခုနှစ် ၊ ဒီဇင်ဘာလ မီးစက်လွှဲပြောင်းချိန်တွင် ရောင်းချသူ၏ နေပြည်တော်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

<u>ရောင်းချသူ၏တာဝန်များ</u>

၁၀။ မီးစက်ရောင်းချသူသည် မီးစက်ဝယ်ယူသူထံသို့ မီးစက်ကို ၂၀၂၃ ခုနှစ် ၊ ဒီဇင်ဘာလတွင် ကုမ္ပဏီ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက် လွှဲပြောင်းပေးအပ်ရာ မီးစက်ဝယ်ယူသူမှ လက်ခံရရှိပါသည်။

၁၁။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

စာမျက်နှာ(၃)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၃၀၀ ကျပ် ငွေသုံးရာကျပ် K 300



၁၂။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက Winning Way Co., Ltd. အထွေထွေမန်နေဂျာ (General Manager) နှင့် မီးစက်ဝယ်သူဘက်မှ တာဝန်ယူ ဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို မီးစက်ရောင်းချသူနှင့်မီးစက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| မီးစက်ရောင်းချသူ | မီးစက်ဝယ်ယူသူ |
| --- | --- |
| | Wai Lynn Ang (MD) |
| ဦးပြည့်ဖြိုးသူရွေး (၁၂/ဒဂဆ(နိုင်)၀၀၉၃၇၅) | ဒေါ်ဆုမြတ်စန္ဒီ (၁၂/ရကန(နိုင်)၀၇၆၉၁၄) |
| (for and on behalf of Winning Way Co.,Ltd.) | |

အသိသက်သေများ

လက်မှတ် -
အမည် - ဟိန်းထက်အောင်
နိုင်ငံသားအမှတ် - ၈/ပဖန(နိုင်)၁၂၇၁၇၁
နေရပ် - အမှတ် (၃၇)၊ ဥတ္တရသီရိမြို့နယ်၊ ရှောပင်းစင်တာ၊နေရပ်
- စည်ပင်သာယာရုံးနား၊ နေပြည်တော်။

လက်မှတ် - ------------------------
အမည် - [illegible]
နိုင်ငံသားအမှတ် - [illegible]
နေရပ် - နေပြည်တော် ------------------------
- ------------------------

လက်မှတ် -
အမည် - ငြိမ်းပြည့်စုံ
နိုင်ငံသားအမှတ် - ၁၂/ဒဂတ(နိုင်)၁၀၈၆၀၈
နေရပ် - အမှတ် (၃၇)၊ ဥတ္တရသီရိမြို့နယ်၊ ရှောပင်းစင်တာ၊
စည်ပင်သာယာရုံးနား၊ နေပြည်တော်။